၂၄ ဖေဖော်ဝါရီ ၂၀၁၆

သို့
ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နှင့် လေ့လာသူနိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များ

လေးစားရပါသော ဂုဏ်သရေရှိ လူကြီးမင်းများရှင့်/ခင်ဗျား

အောက်ဖြေပြည်သူလူထုများနှင့် အလုပ်လုပ်နေသော အရပ်ဘက်လူထုအဖွဲ့အစည်းများဖြစ်သည့် ကျွန်ုပ်တို့မှ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး လူကြီးမင်းများထံသို့ စာရေးလိုက်ပါသည်။ လူကြီးမင်းများအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UN Human Rights Council – UNHRC) ၏ ဆုံးဖြတ်ချက်ကို ဆက်လက်ထားရှိရန်နှင့် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ အခွင့်အာဏာကို ယခင်နှစ်များအတိုင်း ကောင်စီ၏ အစီအစဉ် အမှတ် ၄ အောက်တွင် သက်တမ်းတိုးပြီး ဆက်လက်ထားရှိပေးရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံ၏သမိုင်းတွင် ဤအရေးကြီးလှသောဆုံချက်ကာလ၌ ကောင်စီနှင့် အထူးကိုယ်စားလှယ်တို့မှ မြန်မာနိုင်ငံလူ့အခွင့်အရေး၏ အနာဂတ်အတွက် လမ်းပြမြေပုံအဖြစ် ဆောင်ရွက်ပေးမည့် ရှင်းလင်းသေချာသော စံနှုန်းမှီလမ်းညွှန်မှုများ ချမှတ်တည်ထောင်ရေးအတွက် လုပ်ဆောင်ကြပါရန် ကျွန်ုပ်တို့မှ ပန်ကြားအပ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ပြောင်းမှုသည် ခေတ်သစ်တစ်ခု၏ အနားစပ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် ယင်းခေတ်ထဲ မရောက်သေးသလို ရာနှုန်းပြည့်အသွင်ပြောင်းမှုသည်လည်း ဖြစ်မလာသေးပေ။ ယင်းကဲ့သို့သောအချိန်အခါတွင် ကောင်စီ၏ ပိုမိုမြင့်မားသည့် နိုးကြားသတိနှင့် ထောက်ကူအားပေးမှုတို့ ရယူနိုင်ရန် ကျွန်ုပ်တို့မှ မျှော်လင့်ပါသည်။ ဤကာလများသည် ကွဲရှလွယ်ပြီး အနီးကပ် စစ်ဆေးလေ့လာမှုနှင့် စောင့်ကြည့်အကဲခတ်မှုများ ကင်းမဲ့ပါက နှစ်ပေါင်းများစွာ အပတ်တကုတ် ကြိုးပမ်းအားထုတ်ချက်များမှာ အလွယ်တကူပင် ရေစုန်မျောသွားနိုင်သည်။ ယခုနှစ်အတွက် ကောင်စီမှ မြန်မာနိုင်ငံအပေါ် စဉ်းစားသုံးသပ်သည့်အချိန်တွင် ရွေးကောက်ခံအစိုးရသစ်မှာ အပြည့်အဝအထိုင်ကျဦးမည်မဟုတ်ဘဲ အရပ်ဘက်ဒီမိုကရေစီချုပ်ကိုင်မှု ပမာဏကိုလည်း တိကျစွာသတ်မှတ်နိုင်ဦးမည် မဟုတ်သေးပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်သည် လွှတ်တော်၌ အမတ်နေရာ ၂၅% ရရှိထားပြီး သော့ချက်ကျသည့် အင်အားကြီးဝန်ကြီးဌာနသုံးခုကိုလည်း ထိန်းချုပ်ထားခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်ထားခြင်းနှင့် ဩဇာကြီးသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (National Defense and Security Council – NDSC) ၌လည်း အပေါ်စီးရရှိထားခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ လွတ်လပ်၊ မျှတ၍ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများ မှန်ကန်စွာ ဖော်ဆောင်ကျင်းပနိုင်ရေးတို့ကို ကာကွယ်တားဆီးထားပြီး စစ်တပ်ပြုပြင်ပြောင်းလဲရေးကိုလည်း မပြုလုပ်နိုင်အောင် သေချာစွာ အကာအကွယ်ပေးထားသည်။ NDSC ဆိုင်ရာ ဥပဒေပြုတင်သွင်းရေး၊ သမ္မတလုံခြုံရေး ဥပဒေကြမ်း အတည်ပြုရေးနှင့် တရားဝင်အငြိမ်းစားအနားယူသက်တမ်း ပြည့်ပြီးဖြစ်သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အနားယူသက်တမ်းကို နောက်ထပ် ၅ နှစ် ထပ်တိုးမြှင့်လိုက်ခြင်းတို့ကဲ့သို့ မကြာသေးမီက ဥပဒေပြုရေးခြေလှမ်းများသည် ၎င်း၏အာဏာကို တိုးမြှင့်ရန် နောက်ထပ်ကြိုးပမ်းမှုများပင် ဖြစ်သည်။ စစ်တပ်ကို ပြုပြင်ပြောင်းလဲခြင်း၊ အရပ်ဘက် ထိန်းချုပ်မှုအောက်သို့ ထားရှိခြင်းနှင့် ၎င်း၏လုပ်ရပ်များအတွက် တာဝန်ယူမှု တာဝန်ခံမှု ပြုလုပ်ခြင်းများ မပြုလုပ်နိုင်သေးသရွေ့ ရွေးကောက်ပွဲများ မည်မျှပင် ကျင်းပနေစေကာမူ စစ်တပ်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အဓိကကျူးလွန်သူအဖြစ် ဆက်ရှိနေဦးမည်သာ ဖြစ်သည်။

လာမည့်လများတွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးစနစ်အပြောင်းအလဲ နီးစပ်ချဉ်းကပ်လာချိန်တွင် နိုင်ငံရေးအကူးအပြောင်း၏နောက်ကွယ်၌ ကြီးမားလှသော လူ့အခွင့်အရေးစိန်ခေါ်မှုကြီး ရှိနေသည်ကို အသိအမှတ်ပြုနိုင်ရန် အရေးကြီးပါသည်။

၂၀၁၃ ခုနှစ် နောက်ဆုံးထား၍ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမည်ဟူသော အစိုးရ၏ ကတိပြုချက်မှာ ယနေ့ထိ မပြည့်သေးဘဲ ရှိနေသည်ကို လူကြီးမင်းများ သိထားပြီး ဖြစ်ပါလိမ့်မည်။ ၂၀၁၅ ခုနှစ် ကုန်ဆုံးသွား

သော်လည်း နိုင်ငံရေးအကျဉ်းသား ၁၂၈ ဦး အကျဉ်းကျနေဆဲဖြစ်ပြီး လှုပ်ရှားတက်ကြွသူနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ၄၀၃ ဦးမှာ တရားဆိုင်နေရဆဲ ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အတိုက်အခံနှင့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်အပေါ် နှိပ်ကွပ်မှုတိုးမြင့်လာသည်ကိုလည်း တွေ့ရပါသည်။ အမည်ဆိုးဖြင့် ကျော်ကြားသောဥပဒေများဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၈ နှင့် အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတို့သည် ကြမ်းတမ်းပြင်းထန်သော ရာဇသတ်ကြီးဥပဒေနှင့်အတူ တလွဲအသုံးချခံရရန် အလားအလာများနေပြီး တရားစီရင်ရေးပိုင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ကဲ့သို့သော အဆောက်အအုံများသည်လည်း ၎င်းတို့၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုကို အာမခံနိုင်ရန် အရေးတကြီး ပြုပြင်ပြောင်းလဲမှုများလိုအပ်နေပါသည်။ စစ်တပ်မှ ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၎င်း၏လက်ရှိတည်ဆောက်ပုံအရစစ်တပ်အတွက် ပြစ်ဒဏ်ခံရခြင်းကင်းလွတ်ခွင့်ကို အခိုင်အခံ့ထည့်သွင်းထားပြီး စစ်တပ်အနေဖြင့် အဓိကကျသောဝန်ကြီးဌာနများ၌ နေရာယူထားခြင်းဖြင့် လူတန်းစားအလွှာအားလုံးကို စစ်တပ်မှ ဆက်လက်ချုပ်ကိုင်နိုင်ခွင့်ကိုပေးထားခြင်း ဖြစ်သည်။ ယင်းကဲ့သို့ အခြေခံကျသော အဆောက်အအုံပိုင်း အပြောင်းအလဲများအတွက် ကုလသမဂ္ဂဆိုင်ရာ ကျွမ်းကျင်သူများ၏ အနီးကပ်စောင့်ကြည့်လေ့လာမှုနှင့် ထောက်ကူမှုတို့အပြင် အများပြည်သူတို့၏ ပါဝင်ဆောင်ရွက်မှုများလည်း လိုအပ်မည် ဖြစ်ပါသည်။

ပြင်းထန်ပြီး ဖြစ်ပွားနေဆဲဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများနှင့် အရှိန်မြှင့်တက်လာနေသော အတင်းအဓမ္မရွှေ့ပြောင်းစေမှုများ၊ အထူးသဖြင့် တိုင်းရင်းသားဒေသများရှိ ထိုကဲ့သို့သော ဖြစ်ရပ်များသည် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) အပါအဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပျက်ရယ်ပြုနေပါသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထောင်နှင့်ချီသည့် ဒုက္ခသည်များ အိုးအိမ်စွန့်ရွှေ့ပြောင်းရမှုများ ဆက်လက်ဖြစ်ပေါ်စေပြီး ယင်းရပ်ရွာလူထုအများစုကို ဆယ်စုနှစ်များစွာ ထိခိုက်စေခဲ့သည့် ညှဉ်းပမ်းနှိပ်စက်မှု၊ ဥပဒေမဲ့သတ်ဖြတ်မှုတို့ကဲ့သို့ မတရားချိုးဖောက်မှုများမှာလည်း ယခုထိတိုင်တွဲဖက်ပြီးဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ ထို့အပြင် ထိုင်း-မြန်မာနယ်စပ်တလျှောက်၌ လုံခြုံဘေးကင်းပြီး သိက္ခာရှိစွာနေရပ်ပြန်နိုင်ရေး အလားအလာအနည်းငယ်မျှဖြင့် ဆက်လက်အိုးအိမ်စွန့်နေရဆဲ ထောင်နှင့်ချီသော ဒုက္ခသည်များလည်း ရှိနေပါသည်။ စစ်တပ်သည် လူနည်းစုတိုင်းရင်းသားပြည်နယ်များကို သံမဏိလက်ဖဝါးဖြင့် ဆက်လက်ဆုပ်ကိုင်ထားပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုလည်း စစ်လက်နက်သဖွယ် စနစ်တကျကျင့်သုံးခြင်းအပါအဝင်မတရားချိုးဖောက်ကျင့်ကြံမှုများကို အကြီးဆုံးကျူးလွန်သူလည်း ဖြစ်နေပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်ဟောင်းတစ်ဦးမှ နိုင်ငံတွင်းဖြစ်ပွားနေသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ဆန့်ကျင်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုခဲ့ပြီး မတရားကျူးလွန်မှုများသည် "အုပ်ချုပ်ရေး၊ စစ်ရေးနှင့် တရားစီရင်ရေး အဆင့်တိုင်းမှ အာဏာပိုင်များနှင့် ပတ်သက်နေသည့် နိုင်ငံတော်အစိုးရမူဝါဒတစ်ရပ်" ဖြစ်နေကြောင်း ပြောကြားခဲ့ပါသည်။ မကြာသေးခင်၌ လက်မှတ်ထိုးခဲ့သည့် NCA နှင့် နောက်ဆက်တွဲကျင်းပခဲ့သည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတို့သည် အပြောင်းအလဲများဖြစ်ပေါ်စေမည့် အလားအလာ မတွေ့ရသေးပေ။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံ၌ သည်းခံခြင်းတရား နည်းပါးမှုနှင့် ဘာသာရေးအစွန်းရောက်မှုတို့ ဖြစ်ပေါ်ပျံ့နှံ့ခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ မွတ်စလင်လူနည်းစု အသိုင်းအဝိုင်းများအပေါ်နိုင်ငံတော်မူဝါဒဖြင့်လည်းကောင်း၊ ဥပဒေဖြင့်လည်းကောင်း စနစ်တကျ ခွဲခြားဖိနှိပ်ထားခြင်းမှာ ထင်ရှားလှပါသည်။ ယင်းခွဲခြားဖိနှိပ်မှု ပြင်းထန်မှုကြောင့် မနစ်တွင် ကြီးမားလှသည့် ဒေသတွင်းဒုက္ခသည် အကျပ်အတည်းနှင့် လူသားချင်းစာနာရေးအကျပ်အတည်း ပေါ်ပေါက်စေခဲ့ရာ တောင်အာရှမှ နေရာအချို့နှင့် အရှေ့တောင်အာရှ၏ အဓိကအစိတ်အပိုင်းတစ်ခုကို လွှမ်းမိုးသွားခဲ့သည်။ ယနေ့အထိပင် ၎င်းတို့အား နှိပ်ကွပ်မှုနှင့် ၎င်းတို့ထွက်ပြေးရမှု၏ အခြေခံအကြောင်းတရားများကို မဖြေရှင်းနိုင်သေးပေ။ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခများကို ပြေလည်အောင်ဖြေရှင်းပြီး အမှန်တရား၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့ကို ထူထောင်ရန် လိုအပ်ပါသည်။ ဤသည်မှာ ကျယ်ပြန့်သော နိုင်ငံတကာ၏ ထောက်ကူမှု၊ စောင့်ကြည့်လေ့လာမှုနှင့် ကျွမ်းကျင်မှုတို့ လိုအပ်မည့် ရောမလုပ်ငန်းတာဝန်ကြီးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသမိုင်း၏ အရေးကြီးလှသည့် ယခုလိုအချိန်မျိုးတွင် UNHRC အနေဖြင့် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အထူးအရေးကြီးလှသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ အခြေတည်စ အသွင်ပြောင်းလဲမှုနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်နေချိန်တွင် ကောင်စီသည် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံခဲ့သည့် ၎င်း၏ကာလရှည်အတွေ့အကြုံကို အသုံးချသင့်ပါသည်။ ယင်းသို့လုပ်နိုင်ရန်အတွက် ကောင်စီသည် ၎င်း၏ အစီအစဉ်အမှတ် ၄ အရ လက်ရှိထိတွေ့ဆက်ဆံမှုကို ဆက်လက်လုပ်ဆောင်၍ မြန်မာနိုင်ငံရင်ဆိုင်နေရသည့် ရောမလူ့အခွင့်အရေးစိန်ခေါ်မှုများကို ကိုင်တွယ်ရန် ရှင်းလင်းသည့် ဦးတည်ချက်နှင့် လမ်းပြမြေပုံ ခင်းပြနိုင်ရန် ဤသမိုင်းဝင်အချိန်အခါတွင် အခွင့်ကောင်းယူသင့်ပါသည်။ ယင်းလုပ်ရပ်နှင့်တွဲဖက်လျက် မြန်မာနိုင်ငံအစိုးရသည်လည်း ပြည်တွင်း၌ စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းပို့အစီရင်ခံခွင့်အာဏာ အပြည့်အဝရှိသော ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (Office of the United Nations High Commissioner for Human Rights) ဖွင့်ရေး ကာလကြာထစ်ငေါ့နေမှုကို အဆင်ပြေချောမွေ့သွားစေမည့်ခြေလှမ်းများ ချက်ခြင်းလှမ်းသင့်ပါသည်။

<u>လက်မှတ်ထိုးသူများ</u>

1. ကျေးလက်လူငယ်ကွန်ယက် (စေတုတ္တရာ)
2. စိမ်းရောင်စို (တံတားဦး)
3. တံတားဦးစီမံကိန်းများစောင့်ကြည့်ရေးကော်မတီ
4. တောင်သူလယ်သမားများသမဂ္ဂ (တံတားဦး)
5. ကံမလူငယ်အဖွဲ့
6. ညောင်ကုန်းသစ်ပင်ချစ်သူများအဖွဲ့(ပွင့်ဖြူ)
7. မင်းလှ၊ သရက်လူငယ်အဖွဲ့
8. ပဒေသာမိုး
9. တွံတေးကွန်ရက်
10. လွတ်လပ်သောအရှိုချင်းများအင်အားစု (ငဖဲ)
11. Action Committee for Democracy Development
12. All Arakan Civil Society Organizations Partnership
13. All Arakan Students’ and Youths’ Congress
14. All Burma Federation of Student Unions
15. Alliance for Gender Inclusion in the Peace Process
16. Arakan Rivers Network
17. Article 19 Myanmar
18. Assistance Association for Political Prisoners
19. Association of Human Rights Defenders and Promoters
20. Ayerwaddy West Development Organization (မင်းဘူး)
21. Azure Women Group
22. Back Pack Health Worker Team
23. Burma Issues
24. Burma Medical Association
25. Burma Partnership
26. Burma Study Center
27. Burmese Women's Union
28. Candle Light
29. Care For Children
30. Chin Youth Network

31. Chinland Natural Resources Watch Group
32. Civil Authorize Negotiate Organization
33. Committee for Internally Displaced Karen People
34. Committee for Protection and Promotion of Child Rights (Burma)
35. Community Response Group
36. Community Sustainable Livelihood Development Committee
37. Dawei 88 Geneation
38. Dawei Development Association
39. Dawei Research Association
40. Dawei Watch Foundation
41. Dawei Youth Fellowship
42. Diverze Youth Art Platform
43. Educational Initiatives
44. Equality Myanmar
45. Ethnic Affairs Institute
46. Ethnic Youths Development Center
47. Farmer Union (Dawei District)
48. Farmer Union Kyaukse
49. Farmers And Landworkers Union (Myanmar)
50. Forum for Democracy in Burma
51. Free Thinkers
52. Future Light Center
53. Gender Equality Network
54. Gender and Development Institute-Myanmar
55. Genuine People’s Servants
56. Green Rights Organization (Shan State)
57. Green Soul
58. Green Trust Pyin Oo Lwin
59. Human Rights Defenders Myingyan
60. Human Rights Educators Network
61. Human Rights Foundation of Mon Land
62. Human Rights Watch Dawei
63. Humanity Institute
64. IFI Watch Myanmar
65. ISchool – Myanmar
66. Justice Movement for Community – Innlay
67. Kachin Canadian Association
68. Kachin Development Networking Group
69. Kachin Legal Aid Network
70. Kachin Peace Network
71. Kachin Women Peace Network
72. Kachin Women’s Association – Thailand
73. Karen Environmental and Social Action Network
74. Karen Human Rights Group
75. Karen Women’s Organization
76. Karenni National Women's Organization
77. Karenni Refugee Committee
78. Karenni Social Welfare and Development Center
79. Kayan Women’s Organization
80. Land in Our Hands
81. Mae Tao Clinic
82. Mon Youth Organization - Ye
83. Mong Pan Youth Association
84. Myanmar Alliance for Transparency and Accountability

85. Myanmar Alliance for Transparency and Accountability (Mandalay Division)
86. Myanmar China Pipeline Watch Committee
87. Myanmar Network Organization for Free and Fair Elections
88. Myanmar People Alliance
89. Nay Thu Yein Law Firm
90. Network for Democracy and Development
91. Network for Human Rights Documentation – Burma
92. Overseas Irrawaddy Association
93. Palaung Women's Organization
94. Parents, Families and Friends of Lesbians and Gays – Myanmar
95. Paung Ku
96. Peace & Open Society (Kyaukse Twonship)
97. Peace and Justice
98. Rays of Kamothway Indegnious Pepole Network
99. Sha-it Social Development Foundation
100. Shan Human Rights Foundation
101. Shan Youth Power
102. Social Program Aid for Civil Education
103. Takapaw
104. Tanintharyi River and Indegnious People Network
105. Tavoyan Women's Union
106. Ta'ang Students and Youth Organization
107. The Seagull: Human Rights, Peace and Development
108. Thuriya Sandra Environmentally
109. Union of Karenni State Youth
110. United ACT
111. Upper Chindwin Youth Network
112. Volunteer Youth Group (စေတုတ္တရာ)
113. Wan Lark Development Foundation (Arakan)
114. Warmly Metta Organization
115. Women And Peace Action Network (Shan State)
116. Women's League of Burma
117. Yaung Chi Oo Workers' Association
118. Yaung Zin Organization
119. Youth Development Network
120. Youth Pacemaker Organization
121. Zomi Students and Youth Organization